
# NEPAL
# နီပေါပြည်
## ရောက်
## မြန်မာတစ်ယောက်

### သရဝဏ်(ပြည်)



# ခရီးစဉ်အစ

ကျွန်တော့်သူငယ်ချင်း ဧည့်လမ်းညွှန် ကိုစိုးရီထံမှ ဖုန်းဆက်လာခြင်းက ဤခရီးသွားဖြစ် ခြင်း၏ မူလအစပင် ဖြစ်သည် ။ သူက သူ့အသိ ခရီးသွား လုပ်ငန်းရှင်တစ်ဦး ဖြစ်သူသည် နီပေါ ခရီး သွားလာရေးဌာနမှ တာဝန်ရှိသူ များ နှင့် ရင်းနှီးကြောင်း၊ နီပေါနိုင်ငံတွင် ကျင်းပမည့် ခရီးသွားပြပွဲ တွင် မြန်မာနိုင်ငံမှ စာရေးဆရာတစ်ယောက် လွှတ်ပေးပါရန် ဆက်သွယ်လာရာ မိမိကို သွားနိုင်မ လားဟု ခရီးသွားလုပ်ငန်းရှင် ဦးတင်မောင်ရွှေ (မင်္ဂလာရှုခင်း ခရီးသွားလုပ်ငန်း)က မေးကြောင်း၊ ထိုအခါ ကိုစိုးရီက မိမိထက် သင့်တော်သူ ရှိကြောင်း၊ ထိုသူမှာ ဧည့်လမ်းညွှန်လည်း ဖြစ်၊ စာလည်း ရေးသော စာရေးဆရာ သရဝဏ်(ပြည်)ဖြစ်ကြောင်း ပြောပြပြီး ဦးတင်မောင်ရွှေနှင့် မိတ်ဆက်ပေး ပါသည် ။ ဦးတင်မောင်ရွှေက ကျွန်တော့်အနေအထားကို နီပေါခရီးသွားလာရေး ဌာနမှ လူများကို အ ကြောင်းကြားရာ ဟိုဘက်မှ လက်ခံသဖြင့် ခရီးစဉ် စတင်ဖြစ်ပေါ်လာခြင်းဖြစ်ရာ စတင် မိတ်ဆက် ပေးသော ကိုစိုးရီနှင့် မြန်မာဘက်ကမှ တာဝန်ယူ စာရေးဆရာ ရှာဖွေပေးသူ ဦးတင်မောင်ရွှေ၊ နီပေါဘက်က ပစိဖိတ်အာရှ ခရီးသွားလုပ်ငန်း (နီပေါ)၏ ဥက္ကဋ္ဌဖြစ်သူ မစ္စတာဆူမန်းဘန်ဒီ တို့ သည် ကျွန် တော့်ခရီးစဉ် ဖြစ်မြောက်ရေး ဆောင်ရွက်ပေးကြသူများ ဖြစ်သည် ။ ပထမပိုင်းတွင် ဦးတင်မောင်ရွှေ သည် ကျွန်တော်နှင့် ဆူမန်းဘန်ဒီ အကြားတွင် အီးမေးလ် နှစ်စောင်၊ သုံးစော

င်ပို့၍ မိတ်ဆက်ပေးပြီး နောက်ပိုင်း ကိစ္စများ တွင် မစ္စတာဆူမန်းနှင့် ပဲ ကျွန်တော် တိုက်ရိုက် ဆက်သွယ်ရပါသည် ။ ခရီးသွား မည့် ကိစ္စများ တွ င် သူတို့ ပဲ နီပေါမှ လှမ်း၍ စီစဉ်ပေးပါသည် ။ ဇွန်လ ၁ ရက်နေ့မှ ၄ ရ က်နေ့အထိ ကျင်းပသော ခရီးသွားပြပွဲသို့ တက်ရောက် ပါရန် တရားဝင် ဖိတ်ကြားစာကိုလည်း ပို့ပေးပါသည် ။ ထို ဖိတ်စာဖြင့် နီပေါသံရုံးတွင် ဗီ ဇာ သွားလျှောက်ရမည် ဖြစ်သည် ။

***

# ဗီဇာ

မြန်မာနိုင်ငံတွင် နီပေါသံရုံး ရှိပါသည် ။ လိပ်စာမှာ ရန်ကုန်မြို့ နတ်မောက် ရိပ်သာလမ်း ဖြစ် ပါသည် ။ ကန်တော်ကြီးပတ်လမ်း မြောက်ဘက်ခြမ်း၊ ချက်ထရီယန်ဟိုတယ် အကျော် မျက်စိဆေးရုံ ကြီးဘေးမှ လမ်း ဖြစ်ပါသည် ။ ဖုန်းနံပါတ် ၀၁ ၅၄၅၈၈၀၊ ၀၁ ၅၅၇၁၆၈ တို့ ဖြစ်ပါသည် ။ သံရုံး အီး မေးလ်မှာ nepemb@mptmail.net.mm ဖြစ်ပါသည် ။ website မှာ http://www.nepalembassyyangon.com ဖြစ်သည် ။ ဗီဇာလျှောက်လွှာကို သံရုံးတွင် လည်း ရယူ နိုင်သည် ။ အင်တာနက်မှ ဒေါင်းလုတ်ဆွဲချ၍ လည်း ရယူနိုင်သည် ။ Download ရယူရန် http://www.nepalembassyyangon.com/download.php တွင် ရယူနိုင်သည် ။ လျှောက်လွှာနှင့် အတူ ပတ်စ်ပို့ဓာတ်ပုံ တစ်ပုံ၊ ခြောက်လသက်တမ်း ကျန်သေးသော ပတ်စပို့တို့ ယူသွားရမည်။ ဗီဇာ ကြေးမှာ -

၁၅ ရက်သက်တမ်း ဗီဇာအတွက် ၂၅ ဒေါ်လာ

ရက် ၃၀ သက်တမ်း ဗီဇာအတွက် ဒေါ်လာ ၄၀

ရက် ၉၀ သက်တမ်း နေထိုင်ခွင့် ဗီဇာအတွက် ဒေါ်လာ ၁၀၀ ဖြစ် သည် ။ ကျွန်တော်က ၁၄ ရက်ပဲ နေထိုင်မည် ဖြစ်သဖြင့် ၁၅ ရက် သက်တမ်း ရှိသော ဗီဇာကို လျှောက်လိုက်သည် ။ နီပေါသံရုံး သည် ဖော်ရွေပြီး ဟန်ဆောင်မှု ကင်းပါသည် ။ ကျွန်တော်၏ ဗီဇာလျှောက်ထားမှုကို နာရီ

ဝက်အတွင်း ဗီဇာ ထုတ်ပေးလိုက်သည် ။ Visa On Arrival ဟူသော ဆိုက်ရောက်ဗီဇာ လျှောက်ထား မှုကို အာဖ ရိက ၁၂ နိုင်ငံမှ လွဲ၍ နိုင်ငံတိုင်းကို ခွင့်ပြုပေးပါသည် ။ ကျွန်တော် ကတော့ စိတ်ချရစေရန် ဆိုက်ရောက်ဗီဇာ မယူဘဲ သံရုံးမှ ဗီဇာကိုသာ ကြိုယူထားပါသည် ။ သူများ နိုင်ငံ လေဆိပ်ရောက်မှ ဘာမှ အ မှားအယွင်း လိုအပ်ချက် မရှိချင်ပါ။ ဗီဇာရပြီဖြစ်ကြောင်း အကြောင်းကြားလိုက်တော့ နီပေါနိုင်ငံ ခ တ္တမန္ဒူမြို့မှ ကျွန်တော့်ကို လေယာဉ်လက်မှတ် လှမ်းပို့လိုက်ပါသည် ။ ဤသို့ဖြင့် ကျွန်တော့် ခရီးစဉ် သည် အကောင်အထည် ပေါ်လာပေ၏။

***

# သန်းခေါင်ယံခရီးစဉ်

ယခင်အခါ အမေရိကန်ပြည်ထောင်စုသို့ သွားတုန်းကလည်း စီးရသော လေယာဉ်မှာ ရန်ကုန် လေဆိပ်မှ ညသန်းခေါင်ယံ ထွက်ခွာသော ကိုရီးယား လေကြောင်း ဖြစ်သည် ။ ယခုအခါလည်း ည နက်သန်းခေါင်မှာ ပင် Himalayan Airline ကို စီးရပြန်သည် ။ အစီအစဉ်မရှိဘဲ၊ ကြိုတင် ကြံရွယ် ထားခြင်း မရှိဘဲ သွားရသောခရီးကို ပြပါဆိုလျှင် ကျွန်တော် ယခု ရောက်ရှိနေသည့် နီပေါခရီးစဉ်ကို ပြရမည် ဖြစ်သည် ။ ဟိမဝန္တာ ခရီးသွားပြပွဲကို တက်ရောက်ရန် စာရေးဆရာ တစ်ယောက်ကို ဖိတ်ခေါ်ပေးပါဟု နီပေါ ခရီးသွားလုပ်ငန်းမှ ခေါင်းဆောင်တစ်ဦးက မြန်မာနိုင်ငံမှ ကျွန်တော့်မိတ်ဆွေ တစ်ယောက်ကို အကူအညီတောင်းသည် ။ သူက မဆိုင်းမတွ ကျွန်တော်နှင့် ဆက်သွယ်ပေးသည် ။ ထို့နောက် အချိန်တိုအတွင်း ခရီးစဉ်တစ်ခု ဖြစ်ပေါ်လာသည် ။ သူတို့ ခရီးသွား ပွဲတော် Himalaya Travel Mart 2017 ကျင်းပမည်က မေလ ၂၃ ရက်မှ ဇွန်လဆန်း ၄ ရက်နေ့အထိ။ သို့သော် မြန်မာ နှင့် နီပေါ တိုက်ရိုက် လေကြောင်းလိုင်းက ဟိမဝန္တာ လေကြောင်းလိုင်း (Himalayan Airline) တစ်ခုပဲ ရှိသည် ။ ဒါတောင် သူတို့ လေကြောင်းလိုင်းက ခတ္တမန္ဒူ-ရန်ကုန်-ခတ္တမန္ဒူကို တစ်ပတ်လျှင် တစ်ကြိမ် သောကြာနေ့တွင် သာ ပြေးဆွဲသည် ။ ထို့ကြောင့် ရက်တွေ ချိန်ရတာ ခက်ကုန်သည် ။ ကိုယ် သွားချင်သည့် နေ့ကို ကွက်တိလုပ်၍ မရ။ ထို့ကြောင့် အသွားသောကြာနေ့၊

အပြန်သောကြာနေ့ဆို သော အချက်ကို အခြေခံပြီး ရွေးချယ်လိုက်ရာ မေလ ၁၉ ရက်နေ့သွား ဇွန်လ ၂ ရက်နေ့ပြန် ဆိုသော ခရီးစဉ်မှာ အဆင်အပြေဆုံး ဖြစ်လာသဖြင့် ကျွန်တော့်မှာ ကမန်းကတမ်း ရန်ကုန်မှ ထွက်ခွာရတော့ သည် ။ ပြင်ဆင်ချိန်ပင် သိပ်မရ။ ဟိမဝန္တာ လေကြောင်းလိုင်း ခရီးစဉ်အမှတ် H9-893 ဖြင့် မေလ ၁၉ ရက် နေ့လယ် 3:40 တွင် ရန်ကုန်လေဆိပ်မှ ထွက်ခွာရမည် ဖြစ်သည် ။ လေယာဉ်စီးရမည့် နေ့တွင် လေဆိပ်သို့ နေ့လယ် ၁ နာရီခွဲခန့် ကျွန်တော် ရောက်သွားသည် ။ စကတည်းက ယဉ်သကို ဆိုသလို ပင် ဟိမဝန္တာ လေကြောင်းလိုင်း လေယာဉ်က နောက်ကျမည့် (Delay) ဟု ထွက်ခွာ လေယာဉ်စာ ရင်း ကြေညာထားသည့် တီဗွီဖန်သားပြင်တွင် ရေးထားပါသည် ။ ဘယ်လောက် နောက်ကျမည်ဟု တော့ ရေးမထားပါ။ သတင်း ပြန်ကြားရေးကောင်တာတွင် သွားမေးတော့မှ ထိုလေယာဉ်မှာ ည ၁၂ နာရီ မိနစ်နှစ်ဆယ်တွင် မှ ထွက်ခွာမည်ကို သိလိုက်ရ၏။ နီပေါမှာ ဝယ်သော လေယာဉ်လက်မှတ်မို့ လက်မှတ်အေးဂျင့်က ကျွန်တော့်ကို အကြောင်းမကြားခြင်း ဖြစ်မည်။ ထို့ကြောင့် ကျွန်တော်လည်း လေဆိပ်တက္ကစီ ငှားကာ မြောက်ဥက္ကလာ အိမ်သို့ ပြန်ရပါသည် ။ ခုလေးတင် နိုင်ငံခြားသွားမည်ဟု ဟန်ကျပန်ကျ အိမ်မှ ထွက်သွားသော ကျွန်တော်သည် နာရီဝက်အတွင်းမှာ ပင် အိမ်သို့ အထုပ်အပိုး နှင့် ပြန်ရောက်လာပါသည် ။ ကျွန်တော့်အဖြစ်မှာ ပြည်မြို့မှ ကိုမောင်မောင်ကြည် ဂျပန်သွားသလို ဖြစ် နေသည် ။ ကိုမောင်မောင်ကြည်ကို ရန်ကုန်လေဆိပ်တွင် လိုက်ပို့ပြီး နောက်တစ်နေ့မနက်တွင် သူ့ဇနီး မလှဲသည် ရန်ကုန် ကန်တော်ကလေး အိမ်ရှေ့တွင် ထိုင်ကာ သူ့ယောကျ်ားအကြောင်းကို သတိရ တွေး တောနေပါသည် ။ ငါ့ယောကျ်ား ခုလောက်ဆို ဂျပန်ပြည်မှာ ချယ်ရီပန်းတွေ ပွင့်တဲ့ အရပ်မှာ နှင်းဖွေး ဖွေးထဲ လမ်းလျှောက်နေလောက်ပြီဟု တစ်မျိုး၊ နာရီ

တာ လေဆိပ်ကြီးထဲမှာ တပည့်တပန်း စုံလင်စွာ ဖြင့် တိုကျိုမြို့ ကြီးကို သွားနေပြီဟု တနည်း မြင်ယောင်တမ်းတနေမိပေ၏။ ထိုသို့ရှိစဉ် အိမ်ရှေ့သို့ တက္ကစီတစ်စီး ထိုးဆိုက်လာရာ လင်တော်မောင် ကိုမောင်မောင်ကြည် ကားထဲမှ ထွက်လာတာကို မြင်ရတော့ မပြောကောင်း မဆိုကောင်း ကိုမောင်မောင်ကြည် ဘဝတစ်ပါး ရောက်သွားပြီး စွဲလမ်း စိတ်ဖြင့် ကိုယ်ထင်ပြ သလိုလို ဘာလိုလို တောင်ထင်မြောက်ထင် ထင်ကာ ေးကြည့်နေပါမှ ကို မောင်မောင်ကြည်က 'ဟဲ့ . . . ဘာကြည့်နေတာလဲ၊ ကားခ ပေးလိုက်ဦးလေ' ဟု ပြောလိုက်ကာမှ လင်တော်မောင် အစစ်ဖြစ်နေမှန်း ရိပ်စားမိပါသတဲ့ ။ ကျွန်တော်လည်း ထိုသို့ ဖြစ်နေပေသည် ။ အိမ် ပြန်ရောက် လာပြီး စာမူတစ်ပုဒ် ရေးချိန် ရလိုက်ပေသေး၏။ ညဆယ်နာရီမှ လေဆိပ်ပြန်သွားရမယ်။ ညစာ စားသွားဖို့ အချိန်ရတယ်ဆိုသော ကျွန်တော့်စကားကို မိန်းမက အဓိပ္ပာယ်ကောက် လွဲကာ မျက်စောင်းထိုးသေး၏။ မိန်းမတွေများ အတည့်ပြောလျှင် ကတ်တီး ကတ်ဖဲ့ တွေးတတ်ကြသော အ မျိုးပေတကား။ ညဘက်တွင် လေဆိပ်သို့ တစ်ခေါက် ပြန်သွားရ၏။ သည် တစ်ခါတော့ အဆင်ချော သည် ။ လေယာဉ်သည် သတ်မှတ်ထားသည့် ညသန်းခေါင်ကျော် မိနစ်နှစ်ဆယ်တိတိတွင် ထွက်ခွာ ၏။ လေယာဉ်မှာ Air Bus A320 ဖြစ်ပြီး လူ ၂၀၀ ခန့်ဆံ့သော လေယာဉ်ကြီး ဖြစ်သည် ။ ဗန် ကောက်မှ ဥရောပသို့ သွားသော လေယာဉ်များ ၊ အမေရိက သွားတုန်းက စီးခဲ့ရဖူးသော လေယာဉ်ကြီးများ ထက်တော့ သေးသည် ။ ထိုင်ခုံ တစ်တန်းလျှင် သုံးယောက်တန်းထိုင်ခုံ နှစ်ဖက်ပါ၏။ လေ ယာဉ် ကြီးတာ သေးတာက အဓိကမကျ။ အဓိကအချက်က ဘေးကင်းလုံခြုံဖို့ ၊ ဒုတိယအချက်က ပတ်ဝန်းကျင်ရှုခင်းများကို လေယာဉ်ပေါ်မှ ကြည့်ရှုခံစားနိုင်ဖို့ က ကျွန်တော့် အတွက် အဓိက ဖြစ် သည် ။ မူလက လေယာဉ်ထွက်ချိန် ၃ နာရီ ၄၀။ ခတ္တမန္ဒူသို့

ဆိုက်ရောက်ချိန် ဒေသစံတော်ချိန် ညနေ ၅ နာရီ ၃၀ မို့ ကျွန်တော် ဝမ်းသာ နေသည် ။

ဝမ်းသာရခြင်းမှာ ကမ္ဘာကျော် ဧဝရက်တောင် အပါအဝင် ဟိမဝန္တာ တောင်တန်းကြီးများ ၏ လှပသော ရှုခင်းကို ဝေဟင်ပေါ်မှ တွေ့မြင်နိုင်တော့မည် ဖြစ်ခြင်းကြောင့် ပေတည်း။ ကမ္ဘာလှည့်တင် တင်စိန် ရေးသားသော 'ပြောပြစမ်းချင် နီပေါတစ်ခွင်' စာအုပ်ထဲတွင် လည်း သူတို့ လေယာဉ် ထရီ ဗူဗူဘန် လေဆိပ်ကို မဆင်းသက်မီ ဧဝရက်တောင်ကြီးကို လေယာဉ်က ကွေ့ဝိုက်ပြီး ပျံသန်းပုံကို ရေး သားထားသဖြင့် ကြည့်ဖို့ အားခဲထားခြင်း ဖြစ်သည် ။ ယခုတော့ မြန်မာနိုင်ငံမှ ထွက်လာတော့လည်း ညသန်းခေါင်လောက် မှောင်ကြီး မည်းကြီး။ နီပေါတွင် လေယာဉ် ဆင်းသက်တော့လည်း သန်းခေါင် ယံကျော် နှစ်နာရီအချိန် မှောင်နဲ့ မည်းမည်း ဖြစ်နေသောကြောင့် လေယာဉ်ပေါ်မှ ကမ္ဘာ့အံ့ဖွယ် ရှုခင်း ကို ကြည့်ခွင့် မသာခဲ့ပေ။ လေယာဉ်သည် အမြင့်ပေ ၂၆၀၀၀ မှ ပျံသန်းပြီး ရန်ကုန်မှ ခတ္တမန္ဒူသို့ ပျံ သန်းချိန် ၂ နာရီ ၃၀ မိနစ်ခန့် ကြာပေသည် ။ အပြန် ခရီးတွင် တော့ လေယာဉ်ထွက်ချိန်မှာ နံနက် 11:15 ဟု ရေးသားထားရာ လေယာဉ်အချိန်မှန် ထွက်ဖြစ်ပါက ကောင်းကင်ရှုခင်းကိုတွေ့မြင်ရဖို့ အ ခွင့်အရေးတစ်ခု ကျန်ပေ သေး၏။ နီပေါလေဆိပ်ကို ရောက်တော့ ညကြီးမင်းကြီး။ လေဆိပ်မှာ ခြောက်ကပ် တိတ်ဆိတ်နေ၏။ လေဆိပ်မှာ ရန်ကုန်လေဆိပ်လောက် ခေတ်မမီ။ မြန်မာနိုင်ငံကို အ နှစ် ၂၀ လောက်နောက် ပြန်ရောက်သွားသလို ခံစားရသည် ။ ထရီဘူဗန် လေဆိပ်မှာ သိပ်ပြီး ခေတ်မ မီပါ။ လေဆိပ်ထဲမှာ တော့ Airbus လေယာဉ်များ ရပ်ထားတာ တွေ့ရသည် ။ Nepal Airline ဆို တာလည်း တွေ့ရသည် ။ အပူချိန်က ၂၀ ဒီဂရီမို့ သိပ်မဆိုးလှသေးဟု တွေးမိသည် ။ နီပေါ လူဝင်မှု ကြီး ကြပ်ရေးဌာနသည် သူ့နိုင်ငံသို့ လာလည်သောသူ

များ စေရန် တွန်းအားပေး ဆောင်ရွက်သည့် အနေ နှင့် ဆိုက်ရောက်ဗီဇာ ( Arrival Visa ) များကိုပင် ထုတ်ပေးနေ၏။ မြန်မာနိုင်ငံမှာ လို ကြိုတင်စီစဉ် ချက်များ စွာ ဆောင်ရွက်စေပြီးမှ မည်ကာမတ္တ ဆိုက်ရောက်ဗီဇာမျိုး မဟုတ်။ ကန့်သတ်ထားသော အာဖရိက နိုင်ငံအချို့မှ လွဲ၍ နိုင်ငံအတော်များများကို လေဆိပ်ရောက်မှ ဗီဇာအလွယ်တကူ ထုတ်ပေးသောလေဆိပ် ဖြစ်သည် ။ ညကြီးမင်းကြီးမို့ ငါ့ကို လာကြိုသူ ရှိပ့ါ မလားဟု တွေးမိသော်လည်း လာ ကြိုသူတစ်ယောက်က ကျွန်တော့်နာမည် ဆိုင်းဘုတ်ကို ကိုင်၍ စောင့်နေသည် ကို တွေ့တော့ စိတ်အေး သွားသည် ။ တည်းရမည့် ဟိုတယ် ရောက်တော့ မနက် သုံးနာရီထိုးပြီ။ မောမောနှင့် အိပ်ပစ်လိုက် သည် မှာ နံနက် ခြောက်နာရီခွဲရှိပြီ ဖြစ်သည် ။ ခြောက်နာရီခွဲသည် မှာ နီပေါစံတော်ချိန်ဖြစ်ပြီး မြန်မာစံ တော်ချိန်မှာ နံနက် ၇ နာရီ ၁၅ မိနစ် ဖြစ်သည် ။ နီပေါနိုင်ငံ၏ အချိန်မှာ ကြံကြံဖန်ဖန် မြန်မာနိုင်ငံ ထက် ၄၅ မိနစ် နောက်ကျသည် ။ သူတို့ က GMT ကမ္ဘာ့စံတော်ချိန်ထက် ၅ နာရီ ၄၅ မိနစ် ပေါင်းရ သည် ။ မြန်မာက GMT+6:30 ဖြစ်သည် ။ ကျွန်တော် တည်းရ သည့် ဟိုတယ်က ခတ္တမန္ဒူ မြို့လယ်ကောင်ရှိ Traditional Comfort Boutique ဟိုတယ် ဖြစ်သည် ။

***